# ပြည်သူ့လွှတ်တော်၊ နိုင်ငံတကာဆက်ဆံရေးကော်မတီဥက္ကဋ္ဌ ဒေါက်တာပွင့်ဆန်း
# ဂျပန်နိုင်ငံ၏ အောက်လွှတ်တော်အမတ် The Honorable Mr. Hiromichi Wantanabe
# ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့အား
# လက်ခံတွေ့ဆုံ

နေပြည်တော်၊ စက်တင်ဘာ ၂၃

ပြည်သူ့လွှတ်တော်၊ နိုင်ငံတကာဆက်ဆံရေးကော်မတီဥက္ကဋ္ဌ ဒေါက်တာပွင့်ဆန်း သည် ဂျပန်နိုင်ငံ၏ အောက်လွှတ်တော်အမတ်၊ ဂျပန်-မြန်မာ ယဉ်ကျေးမှုမြှင့်တင်ရေးအသင်း၏ ဂုဏ်ထူးဆောင် အတိုင်ပင်ခံဖြစ်သူ မစ္စတာ ဟီရိုမိချီ ဝါတာနာဘေး ဦးဆောင်သည့် ကိုယ်စားလှယ် အဖွဲ့အား ၂၃-၉-၂၀၂၆ ရက်နေ့ မွန်းလွဲ ၃ နာရီ အချိန်တွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ၊ လွှတ်တော်ရေးရာဆောင် (I-1) ၌ လက်ခံ တွေ့ဆုံသည်။

ထိုသို့တွေ့ဆုံရာတွင် နှစ်နိုင်ငံလွှတ်တော်အချင်းချင်း ရင်းနှီးချစ်ကြည်မှုများကို အခြေခံ၍ စီးပွားရေး၊ လူမှုရေးနှင့်ယဉ်ကျေးမှုဆိုင်ရာ ကဏ္ဍစုံပူးပေါင်းဆောင်ရွက်မှုများကို ပိုမိုတိုးမြှင့်ဖော်ဆောင်နိုင်ရေးဆိုင်ရာကိစ္စရပ်များ၊ လွှတ်တော်အချင်းချင်း အပြန်အလှန် လွှတ်တော်ကိုယ်စားလှယ်အဖွဲ့များ စေလွှတ်ခြင်းဖြင့် ကဏ္ဍစုံပူးပေါင်းဆောင်ရွက်နိုင်ရေးဆိုင်ရာကိစ္စရပ်များ၊ ODA စီမံကိန်းများ ပြန်လည်စတင်နိုင်ရေးအတွက် လွှတ်တော်ချင်း သံတမန်ဆက်ဆံရေးမှတစ်ဆင့် ဆောင်ရွက်သွားနိုင်ရေးဆိုင်ရာ ကိစ္စရပ်များအား ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ် ဆွေးနွေးခဲ့ကြသည်။

တွေ့ဆုံပွဲသို့ နိုင်ငံတကာဆက်ဆံရေးကော်မတီအတွင်းရေးမှူး၊ အဖွဲ့ဝင်များ၊ မြန်မာ - ဂျပန် ချစ်ကြည်ရင်းနှီးရေးအဖွဲ့ အဖွဲ့ဝင်များနှင့် တာဝန်ရှိသူများ တက်ရောက်ခဲ့ကြသည်။